**ခရစ်ယာန်အသက်တာ၊ အသင်းတော်အသက်တာ၊ ခေတ်ကာလ၏ပြီးမြောက်ပြည့်စုံခြင်းနှင့် သခင်ဘုရား၏ကြွလာခြင်း**
(Lord's Day—Second Morning Session)

Message Eight

# ခေတ်ကို ပြောင်းလဲစေရန် နောက်ဆုံးနေ့ရက်များ၌ ဘုရားသခင်ထံသို့ ခေတ်ကာလဆိုင်ရာတန်ဖိုးရှိခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊ ၁၂း၁–၁၄။ နေ၊ ၁း၁–၁၁။ ၂း၉–၂၀။ ၄း၄–၅၊ ၉။ ၅း၁၀၊ ၁၄–၁၉။ ဂ၊ ၁း၁–၁၀။ ၁၃း၁၄၊ ၂၉–၃၁

**I. ဘုရားသခင်၏ အလိုဆန္ဒမှာ ဤခေတ်ကို အဆုံးသတ်၍ နိုင်ငံတော်ခေတ်ကို ယူဆောင်လာရန်ဖြစ်သည်။ ဘုရားသခင်က ဤအရာကို ပြီးမြောက်စေရန်အလို့ငှာ ကိုယ်တော်၌ ခေတ်ကာလဆိုင်ရာ တန်ဆာပလာရှိရမည်ဖြစ်သည်။**

က။ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားထံသို့ မျှော်ကြည့်ကာ၊ ဘုရားသခင်အဖို့ ကျွန်ုပ်တို့၌ ခေတ်ကာလဆိုင်ရာ တန်ဖိုးရှိခြင်း ရှိပါမည့်အကြောင်း ဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤကာလအပိုင်းအခြားကို အဆုံးသတ်ရန်နှင့် လာမည့်ခေတ် နိုင်ငံတော်ခေတ်ကို ယူဆောင်လာရန် မည်သည့်အရာလုပ်နေသနည်းဟု မိမိတို့ကိုယ်ကို မေးရမည်ဖြစ်သည်။ ဤသည်မှာ အထူးဖြစ်သောအချိန်ဖြစ်သည်၊ သို့ဖြစ်၍ အထူးဖြစ်သောအလုပ်ကို လုပ်ရန် အထူးဖြစ်သော ယုံကြည်သူများကို လိုအပ်နေသည်။

ခ။ "သွားပါ"ဟူ၍သာ ပြောတတ်ပြီး၊ "လာပါ"ဟု မပြောတတ်သူများသည် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ပါ၊ ဆိုလိုသည်မှာ သူတို့သည် ဘုရားသခင်အဖို့ ခေတ်ကာလဆိုင်ရာ တန်ဖိုး မရှိနိုင်ပါ – ညွှန်း၊ ဟေဗြဲ၊ ၁၀း၂၂။

၁။ ဟေဗြဲစာစောင်၏စာရေးသူက ယုံကြည်သူတို့အား ရှေ့သို့ သွားရန် မပြောဘဲ၊ ရှေ့သို့ လာရန် ပြောနေခြင်းဖြစ်သည်။ ဤသည်မှာ စာရေးသူသည် အထူးဖြစ်သော နေရာတစ်နေရာတွင် ရှိနေကာ၊ စာဖတ်သူများအား သူရှိနေသည့်နေရာသို့ ရှေ့ဆက် လာကြရန် အလိုရှိနေကြောင်း ဆိုလိုသည်။

၂။ ကျွန်ုပ်တို့သည် အရာသုံးခုထံသို့ ရှေ့ဆက်လာရမည် – ယင်းမှာ အသန့်ရှင်းဆုံးဌာနသို့၊ ကျေးဇူးတော်ပလ္လင်သို့၊ ဘုရားသခင်ကိုယ်တော်တိုင်ထံသို့ ဖြစ်သည်။ နောက်ဘက်သို့ ဆုတ်သွားခြင်း မပြုပါနှင့် – ရှေ့သို့ လာပါ – ၄း၁၆။ ၁၀း၂၂။ ၇း၂၅။ ၁၁း၆။

၃။ ဘုရားသခင်သည် ကျေးဇူးတော်ပလ္လင်ပေါ်တွင် ရှိနေပြီး၊ ကျေးဇူးတော်ပလ္လင်သည် အသန့်ရှင်းဆုံးဌာန၌ ရှိသည်။ ဟေဗြဲစာစောင်ကို ရေးသားသည့်အချိန်တွင် စာရေးသူသည် အသန့်ရှင်းဆုံးဌာန၌ ရှိနေပြီး၊ ဟေဗြဲယုံကြည်သူများအား ရှေ့သို့ တိုးဝင်လာရန် ခေါ်နေသည်။

ဂ။ သားယောက်ျားကို ကောင်းကင်သို့ ချီဆောင်ခြင်း၊ စာတန်ကို မြေကြီးသို့ နှင်ချခြင်းနှင့် ကောင်းကင်၌ နိုင်ငံတော်တည်ခြင်းရှိပြီဟု ကြွေးကြော်ခြင်းတို့မှာ ဘုရားသခင်က သားယောက်ျားကို ရရှိခြင်းမှာ ကိုယ်တော်၏ ခေတ်ကာလဆိုင်ရာ အကြီးမားဆုံး လှုပ်ရှားမှုဖြစ်ကြောင်း၊ အကြောင်းမှာ ၎င်းသည် အသင်းတော်ခေတ်ကို အဆုံးသတ်၍ နိုင်ငံတော်ခေတ်ကို မိတ်ဆက်ပေးသောကြောင့် ဖြစ်ကြောင်း ရည်ညွှန်းနေသည် – ဗျာ၊ ၁၂း၅၊ ၉–၁၀။ ၁၁း၁၅။

ဃ။ သားယောက်ျားကို ဘုရားသခင်၏ပလ္လင်တော်သို့ ချီဆောင်ခြင်းမှာ ရက်ပေါင်းတစ်ထောင်နှစ်ရာခြောက်ဆယ် မတိုင်မီ၊ ယင်းမှာ ဘေးဒဏ်ကြီးကာလ သုံးနှစ်ခွဲ (လေးဆယ့်နှစ်လ) အချိန်မတိုင်မီတွင် ဖြစ်လိမ့်မည်ဖြစ်သည် – ၁၂း၁–၁၄။ ၁၃း၅။ ၁၁း၂။

င။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် ကျွန်ုပ်တို့အများဆုံး လုပ်ဆောင်နိုင်သည့် အထူးအခွင့်အရေး ရှိသည့်အချိန်တွင် အသက်ရှင်နေကြသည်။ အလင်းဖြစ်သော ဘုရားသခင်သည် ကျွန်ုပ်တို့ကို လမ်းပြလိမ့်မည်၊ သို့သော် ကိန်းဝပ်နေသည့် ခရစ်တော်သည် လမ်းကို လျှောက်လှမ်းရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေမည့် ကျွန်ုပ်တို့၏ ခွန်အားနှင့် တန်ခိုးဖြစ်သည်။ ယခုပင် အသုံးပြုခြင်း ခံရရန်အလို့ငှာ ကြီးမားသည့် အဖိုးအခကို ပေးရမည်ဖြစ်သည် – ၃း၁၈။

**II. အသင်းတော်သည် ဘုရားသခင်၏ရည်ရွယ်ချက်သို့ ရောက်ရှိအောင်မြင်ခြင်း မရှိခဲ့သောကြောင့်၊ ဘုရားသခင်သည် ကိုယ်တော်၏ရည်ရွယ်ချက်သို့ ရောက်ရှိအောင်မြင်ရန်နှင့် ကိုယ်တော်၏တောင်းဆိုချက်ကို ပြီးပြည့်စုံစေမည့် အောင်မြင်သောသူများအုပ်စုကို ရွေးချယ်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ သားယောက်ျား၏ အလေ့အလာ ဖြစ်သည် – ၁၂း၁–၂၊ ၅၊ ၁၀–၁၁။ ၂း၇၊ ၁၁၊ ၁၇၊ ၂၆–၂၈။ ၃း၅၊ ၁၂၊ ၂၀–၂၁။**

က။ စကြဝဠာဆိုင်ရာ တောက်ပသော မိန်းမသည် ဘုရားလူများ၏စုစုပေါင်းကို ကိုယ်စားပြုပြီး၊ အဆုံးစွန်အနေဖြင့် ကမ္ဘာဦး၊ ၃း၁၅ ရှိ မိန်းမ၏ မျိုးစေ့သည် သားယောက်ျားအားဖြင့် ရည်ညွှန်းထားသည့် ဘုရားသခင့်လူများ၏ အသန်စွမ်းဆုံး အပိုင်းဖြစ်သော အောင်မြင်သော ယုံကြည်သူများပါဝင်စေရန် ကြီးမားကျယ်ပြန့်လာခဲ့သည် – ဗျာ၊ ၁၂း၁–၂၊ ၅၊ ၁၀–၁၁။

ခ။ အသက်ပေးသော ဝိညာဉ်တော်ဖြစ်သည့် ရှင်ပြန်ထမြောက်သော ခရစ်တော်သည် မိန်းမ၏ အဆင်းသဏ္ဍာန်ပြောင်းလဲသော မျိုးဆက်၊ မိန်းမ၏ မျိုးစေ့ဖြစ်ကာ ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပြီး၊ ၎င်းမှာ ကျွန်ုပ်တို့၌ မြွေဆိုး၏ ခေါင်းကို နင်းချေလျက်

ကျွန်ုပ်တို့ကို မိန်းမ၏ စုပေါင်းထားသောမျိုးစေ့၊ အောင်မြင်သော သားယောက်ျားဖြစ်စေရန်၊ ဘုရားသခင်က ရှေးမြွေဟောင်းကို တရားစီရင်ခြင်းအား သယ်ဆောင်ရန်၊ ခေတ်ကို ပြောင်းလဲစေခြင်းနှင့် ဘုရားသခင်၏ နိုင်ငံတော် ပေါ် ထွန်းခြင်းကို ယူဆောင်လာခြင်းငှာ ဘုရားသခင်၏ ခေတ်ကာလဆိုင်ရာ တန်ဆာပလာဖြစ်စေရန် ဖြစ်သည် – အငယ်၊၅။

ဂ။ ဆာလံ၊ ၂း၈–၉၊ ဗျာဒိတ်၊ ၂း ၂၆– ၂၇ နှင့် ဗျာ၊၁ ၂း၅ တို့က ဘုရားသခင်၏ ဘိသိက်ခံဖြစ်သော သခင်ယေရှု၊ အသင်းတော်များရှိ အောင်မြင်သောသူများနှင့် သားယောက်ျားသည် လူမျိုးများကို သံလှံတံဖြင့် အုပ်စိုးလိမ့်မည်ဖြစ်ကြောင်း ညွှန်ပြထားကာ၊ ၎င်းမှာ သခင်ယေရှု၊ အောင်မြင်သောသူများနှင့် သားယောက်ျားတို့သည် တစ်ခုတည်းဖြစ်ကြောင်း သက်သေပြနေသည်။ ဦးဆောင်အောင်မြင်သောသူဖြစ်သည့် သခင်ဘုရားသည် (၃း ၂၁) ဦးခေါင်းတော်၊ သားယောက်ျား၏ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် သဘောသဘာဝဖြစ်ကာ၊ နောက်လိုက် အောင်မြင်သောသူများဖြစ်သည့် သားယောက်ျားသည် သခင်ဘုရား၏ ကိုယ်ခန္ဓာတော်ဖြစ်သည်။

ဃ။ သခင်ဘုရား၏ ကားတိုင်ပေါ် အသေခံခြင်းမှတစ်ဆင့် မြွေဆိုးဟောင်းဖြစ်သည့် စာတန်သည် တရားစီရင်ခြင်း၊ နှင်ထုတ်ခြင်း ခံရသည် (ယော၊၁ ၂း၃၁။ ၁၆း၁၁)။ ထိုတရားစီရင်ခြင်း၊ စီရင်ချက်ချမှတ်ခြင်းသည် သားယောက်ျားဖြစ်သည့် အောင်မြင်သောသူများ၊ မိန်းမ၏ စုပေါင်းထားသော မျိုးစေ့အားဖြင့် အဆုံးစွန် သယ်ဆောင်ဖြစ်ပေါ် စေခြင်း၊ စီရင်ဆောင်ရွက်ခြင်း ရှိလိမ့်မည်ဖြစ်သည်။ စာတန်တစ်ဖက်၌ အောင်မြင်သောယုံကြည်သူများက ဆင်နွှဲသည့် စစ်ပွဲမှာ အမှန်တွင် သူ့ကို နောက်ဆုံးအနေဖြင့် ကောင်းကင်မှ နှင်ထုတ်ရန် သူ့အပေါ် သခင်ဘုရား၏ တရားစီရင်ခြင်းကို စီရင်ဆောင်ရွက်ခြင်းပင် ဖြစ်ပေသည် (ဗျာ၊ ၁၂း၇–၉)။

င။ အောင်မြင်သောသူများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် သားယောက်ျားသည် အသင်းတော်၏ ကိုယ်စား ရပ်တည်နေကာ၊ အသင်းတော်တစ်ခုလုံးက ယူဆောင်ရမည့် အနေအထားကို ယူဆောင်ပြီး၊ အသင်းတော်အတွက် အလုပ်ကို လုပ်ဆောင်နေသည် – ၂း၇ခ၊ ၁၁ခ၊ ၁၇ခ၊ ၂၆– ၂၈။ ၃း၅၊ ၁၂၊ ၂၁။ ၁၂း၅၊ ၁၁။

၁။ ဘုရားသခင်၏ လူများအားလုံးသည် ကိုယ်တော်၏ ထာဝရရည်ရွယ်ချက်တွင် အစိတ်အပိုင်းအဖြစ် ပါဝင်သင့်ပေသည်၊ သို့သော် အားလုံးတို့သည် သူတို့၏ ယူဆောင်ထိုက်သော တာဝန်ကို တာဝန်ယူခြင်း မရှိကြပေ။ ထို့ကြောင့် ဘုရားသခင်သည် သူတို့အလယ်မှ အုပ်စုတစ်စု – မိန်းမအားဖြင့် ထုတ်လုပ်ထွက်ပေါ် စေသည့် သားယောက်ျား – ကို ရွေးချယ်ခဲ့သည်။

၂။ သမ္မာကျမ်းစာတွင် ဘုရားသခင်၏ လူများအလယ်မှ သန်စွမ်းသောသူများကို စုပေါင်းထားသော ယူနစ်တစ်ခုအဖြစ် မှတ်ယူကာ၊ ဘုရားသခင်အတွက် စစ်ပွဲကို တိုက်ခိုက်စေခြင်းနှင့် ဘုရားသခင်၏ နိုင်ငံတော်ကို မြေကြီးသို့ ယူဆောင်လာခြင်း ရှိစေသည် – ဗျာ၊၁ ၂း၅၊ ၁၀–၁၁။

၃။ ဘုရားသခင်သည် ကိုယ်တော်၏ စီမံကိန်းကို ပြီးပြည့်စုံစေရန်နှင့် ကိုယ်တော်၏ ရည်ရွယ်ချက်ကို ပြီးမြောက်စေရန် သားယောက်ျားကို အသုံးပြုလိမ့်မည်ဖြစ်သည် – ၁တိ၊၁း၄။ ၂တိ၊၁း၉။ ဧ၊၁း၉၊ ၁၁။ ၃း၁၁။

၄။ ဘုရားသခင်သည် ကိုယ်တော်၏ ရန်သူကို နှိမ်နင်းရန်နှင့် ကိုယ်တော်၏ နိုင်ငံတော်ကို ယူဆောင်လာစေရန် သားယောက်ျားကို လိုအပ်နေသည်၊ သို့မှသာ ကိုယ်တော်၏ ထာဝရရည်ရွယ်ချက်သည် ပြီးမြောက်နိုင်မည်ဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် ယနေ့ ဘုရားသခင့်စီမံကိန်း၏ လက်တွေ့ကျသောအရာဖြစ်ကာ၊ ကိုယ်တော်၏ စီမံကိန်းသည် သားယောက်ျားအားဖြင့်သာ သယ်ဆောင်ဖြစ်ပေါ်ခြင်း ရှိနိုင်မည်ဖြစ်သည် – ဗျာ၊၁ ၂း၁၀။

စ။ သားယောက်ျားကို ချီဆောင်ခြင်းသည် စာတန်အား ကောင်းကင်၌ မည်သည့်အဆင့်နေရာမျှ မရရှိတော့စေရန် ဖြစ်စေသည့် အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရန်သူအပေါ် ကိုယ်တော်၏ တရားစီရင်ခြင်းကို စီရင်ဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်၏ လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းငှာ ချီဆောင်ခံရခြင်း ရှိရမည်ဖြစ်သည် – အငယ်၊၅၊ ၇–၁၀။

ဆ။ သားယောက်ျားကို စေ့စပ်ထုံးဖွဲ့ထားသည့်သူများသည် ဘုရားသခင်၏ ပြိုင်ဖက်၊ စာတန်တည်းဟူသော မာရ်နတ် (အပြစ်တင်သူ၊ လုပ်ကြံပြောဆိုသူ) အား သိုးသငယ်၏ အသွေးတော်ကြောင့်၊ သူတို့၏ သက်သေခံချက် နှုတ်ကပတ်တော်ကြောင့်၊ သူတို့သည် သေသည့်တိုင်အောင် မိမိတို့၏ စိတ်အသက်ကို မချစ်သောကြောင့် အောင်မြင်ခြင်း ဖြစ်သည် – အငယ်၊၁၀–၁၁။

ဇ။ သားယောက်ျား၏ ဖြစ်ခြင်းတစ်ခုလုံးသည် ခရစ်တော်၏ ဒြပ်သဘာဝဖြင့် ပျော်ဝင်ပြည့်ဝခြင်းနှင့် စိမ့်ဝင်ပျံ့နှံ့ခြင်း ခံရသည်၊ အကြောင်းမှာ သူတို့သည် သူတို့၏ အတွင်းလူအထဲသို့ နေ့စဉ် ခွန်အားပေးခြင်းခံရပြီး၊ ထိုသို့ဖြင့် ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို သူတို့၏ စိတ်နှလုံးများအထဲသို့ တည်ဆောက်ခြင်းရှိကာ၊ သူတို့သည် ခရစ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများဖြင့် ကျွေးမွေးမစခံရ၍၊ သူတို့အပေါ်၌ ခရစ်တော်ကို ဘုရားသခင်၏ လက်နက်စုံအဖြစ် ယူတင်ဝတ်ဆင်ခြင်း ရှိကြသောကြောင့်ဖြစ်သည် – ဧ၊၃း၁၆–၁၈၊ ၈။ ၆း၁၀–၁၁။

**III. အစ္စရေးလူတို့သည် နှစ်ပေါင်းခုနစ်ဆယ်ကြာ ဖမ်းဆီးသိမ်းသွားခြင်း ခံရစဉ်က၊ အမှန်ပင် အောင်မြင်သောသူဖြစ်သည့် နေဟမိကြောင့် ဘုရားသခင်သည် ခေတ်ကာလဆိုင်ရာလှုပ်ရှားမှု ရှိနေနိုင်ဆဲဖြစ်သည်။ သူသည် ဘုရားသခင်ထံ**

**သို့ ခေတ်ကာလဆိုင်ရာ တန်ဖိုးရှိသူတစ်ဦး၏ စံနမူနာပင်ဖြစ်သည် – နေ၊ ၁း၁–၁၁။ ၂း၉–၂၀။ ၄း၄–၅၊ ၉။ ၅း၁၀၊ ၁၄–၁၉။ ၈း၁–၁၀။ ၁၃း၁၄၊ ၂၉–၃၁။**

က။ နေဟမိစာစောင်၏ အရေးကြီးသည့်အချက်မှာ ယေရုရှလင်မြို့ကို ၎င်း၏မြို့ရိုးနှင့်အတူ ပြန်လည်တည်ဆောက်ခြင်းသည် ဘုရားသခင်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ကိုယ်တော်၏ သက်သေခံချက်အတွက် ကိုယ်တော်၏ ရွေးချယ်ခံများအကြား စဉ်ဆက်မပြတ် ပြန်လည်ရယူခြင်း ဖြစ်ရုံသာမက၊ မြို့တော်အတွင်းရှိ ဘုရားသခင်၏ အိမ်တော်အတွက် ကွယ်ကာရာ၊ အကွယ်အကာလည်းဖြစ်သည်။

၁။ ဤသည်မှာ မြေကြီးပေါ် ကိုယ်တော်၏ ကိန်းဝပ်ရာနှင့် အိမ်ဖြစ်သည့် ဘုရားသခင်၏ အိမ်တော်သည် ကိုယ်တော်၏ စီမံကိန်းကို သယ်ဆောင်ခြင်းငှာ ကိုယ်တော်၏ စီမံခန့်ခွဲခြင်းအတွက် မြေကြီးပေါ် ကိုယ်တော်၏ စိတ်ဝင်စားမှုကို ကွယ်ကာရန် အဝန်းအဝိုင်းအဖြစ် ကိုယ်တော်၏ နိုင်ငံတော်တည်စေခြင်း လိုအပ်နေကြောင်း ရည်ညွှန်းသည် – ညွှန်း၊ ရော၊ ၁၄း၁၇။

၂။ ဘုရားသခင်၏ အိမ်တော်ကို ပြန်လည်တည်ဆောက်ခြင်းမှာ ကျဆင်းယိုယွင်းသွားသည့် အသင်းတော်ကို ဘုရားသခင် ပြန်လည်ရယူခြင်းကို ပုံဆောင်ပြီး၊ ယေရုရှလင်မြို့တော်၏ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းမှာ ကိုယ်တော်၏ နိုင်ငံတော်ကို ဘုရားသခင်ပြန်လည်ရယူခြင်းအား ပုံဆောင်သည်။ ဘုရားသခင်၏ အိမ်တော်နှင့် နိုင်ငံတော် တည်ဆောက်ခြင်းသည် အတူတကွ သွားသည် – မ၊ ၁၆း၁၈–၁၉။

ခ။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်အဖြစ် သိမှတ်နားလည်ကာ၊ မွေ့လျော်ဝမ်းမြောက်သောအခါ ကျွန်ုပ်တို့၌ ဘုရားသခင်၏ အိမ်တော်ဖြစ်သည့် အသင်းတော်ကို ရရှိကြသည်။ ကျွန်ုပ်တို့သည် နောက်ထပ်ဆက်သွား၍ ကိုယ်တော်၏ ဦးခေါင်းအရိုက်အရာကို သိမြင်နားလည်လာသည့်အခါ အိမ်တော်သည် ဘုရားသခင်၏ မြို့တော်၊ နိုင်ငံတော်ဖြစ်ရန် ကြီးမား ကျယ်ပြန့်လာသည် – ဧ၊ ၁း၁၀၊ ၂၂–၂၃။ ၄း၁၅။ ဗျာ၊ ၂၂း၁။

ဂ။ နေဟမိက ယနေ့ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့ရှိရမည့် မှန်ကန်သင့်လျော်သည့် စိတ်အားထက်သန်မှု လိုအပ်ချက်ကို ပြသပေးထားသည်။

၁။ မောဘအမျိုးနှင့် အမ္မုန်အမျိုးတို့၏ ခေါင်းဆောင်များက နေဟမိသည် အစ္စရေးအမျိုးသားတို့၏ ကောင်းကျိုးကိုရှာခြင်းအကြောင်းကြောင့် ကြီးစွာ အလိုမကျဖြစ်ခဲ့ကြသည်။ ဤလောက၏ မစင်ကြယ်သောတိုးပွားမှုမှ ဆင်းသက်လာသည့် မျိုးဆက်များက အစ္စရေးအမျိုးသားတို့ကို မုန်းတီးကာ၊ မထီမဲ့မြင်ပြုခဲ့ကြသည် – နေ၊ ၂း၁၀၊ ၁၉။ ညွှန်း၊ ယေဇ၊ ၂၅း၃၊ ၈။

၂။ ဤဆန့်ကျင်သူများ၏ ပြက်ရယ်ပြုခြင်း၊ မထီမဲ့မြင်ပြုခြင်းနှင့် အပြစ်တင်ကဲ့ရဲ့ခြင်းတို့နှင့် စပ်လျဉ်း၍ နေဟမိသည် လွန်စွာ စင်ကြယ်ကာ၊ စိတ်အားထက်သန်ပြီး၊ သူ့ရဲဘောကြောင်ခြင်း မရှိပေ – နေ၊ ၁း၄။ ၂း၃–၈၊ ၁၇–၂၀။ ၄း၃–၅၊ ၈–၉၊ ၁၄၊ ၁၇–၂၃။ ၅း၁၄။ ၁၃း ၂၃–၃၁။ ညွှန်း၊ တ၊ ၄း ၂၉–၃၁။ ၁သက်၊ ၂း ၂။ ၂တိ၊ ၁း၇–၈။

၃။ စိတ်အားထက်သန်သူများသည် ဘုရားသခင်ထံမှ ကူညီမစမှုကို လက်ခံရရှိကြသည်။ နေဟမိကဲ့သို့ပင် တမန်တော်ပေါလုသည် ဘုရားသခင်နှင့် မဟာမိတ်ဖွဲ့ကာ၊ ဤမဟာမိတ်ဖွဲ့ခြင်း၌ ဘုရားသခင်၏ ကူညီထောက်မမှုကို သိမှတ်နားလည်ခဲ့သည် – တ၊ ၂၆း ၂၁–၂၂။

၄။ နေဟမိ၏ လူသားအပြုအမူရှိ ကောင်းမြတ်ခြင်းတစ်ခုအနေဖြင့် သူ၏ စိတ်အားထက်သန်မှုက ကျွန်ုပ်တို့၏ ဇာတိစွမ်းဆောင်ရည်၊ တတ်နိုင်စွမ်းနှင့် ကောင်းမြတ်ခြင်းတို့သည် ခရစ်တော်၏ ကားတိုင်ကို ဖြတ်ကျော်ကာ၊ ရှင်ပြန်ထမြောက်ခြင်းအထဲသို့၊ သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် ဝိညာဉ်တော်အထဲသို့ ဆောင်ယူခံရမည်၊ သို့မှသာ ကိုယ်တော်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံစေခြင်း၌ ဘုရားသခင်ထံသို့ အသုံးဝင်နိုင်မည်ဖြစ်ကြောင်း ပြသနေသည်။

ဃ။ နေဟမိသည် သူ၏ ဇာတိလူ၌ အသက်မရှင်ခဲ့ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ခဲ့သည်။ သူသည် စိတ်အားထက်သန်ခဲ့သည်၊ သို့သော် သူ၏ စိတ်အားထက်သန်မှုသည် အခြား ဝိသေသလက္ခဏာများနှင့်အတူ ပူးပေါင်းခဲ့သည်။

၁။ သူနှင့် ဘုရားသခင်အကြား ဆက်နွှယ်မှု၌ သူသည် ဘုရားသခင်ကို ချစ်သောသူ၊ မြေကြီးပေါ် ဘုရားသခင်၏ အကျိုးအမြတ် – သန့်ရှင်းသောမြေ (ခရစ်တော်ကို ပုံဆောင်ခြင်း)၊ သန့်ရှင်းသောဗိမာန်တော် (အသင်းတော်ကို ရည်ညွှန်းခြင်း) နှင့် သန့်ရှင်းသောမြို့တော် (ဘုရားသခင်၏ နိုင်ငံတော်ကို ရည်ညွှန်းခြင်း) တို့ကိုလည်း ချစ်မြတ်နိုးသူဖြစ်သည် – ၁ဘုရင်၊ ၈း၄၈။ ညွှန်း၊ ၂တိ၊ ၃း၁–၅။

၂။ ဘုရားသခင်ကို ချစ်သောပုဂ္ဂိုလ်တစ်ဦးအနေဖြင့် နေဟမိသည် မိတ်သဟာယဖွဲ့ခြင်း၌ ကိုယ်တော်ကို ဆက်သွယ်ခြင်းငှာ ဘုရားသခင်ထံသို့ ဆုတောင်းခဲ့သည်။ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းအတွက် နေဟမိသည် ဘုရားသခင်၏ စကားတော်အပေါ် ရပ်တည်ကာ၊ ထိုအတိုင်း ဆုတောင်းခြင်းပြုခဲ့သည် – နေ၊ ၁း၁–၁၁။ ၂း၄။ ၄း၄–၅၊ ၉။

၃။ နေဟမိသည် ဘုရားသခင်၌ ယုံကြည်ကိုးစားကာ၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းလည်း ရှိလာခဲ့သည်။ ရလဒ်အနေဖြင့် သူသည် ဘုရားသခင်၏ ကိုယ်စားပြုသူဖြစ်လာသည် – ၅း၁၉။ ညွှန်း၊ ၂ကော၊ ၅း ၂၀။

၄။ လူများနှင့်အတူ သူ၏ဆက်နွယ်မှု၌ နေဟမိသည် ကိုယ်ကျိုးမငဲ့သောသူ၊ မည်သည့် အတ္တ–ရှာဖွေခြင်း သို့မဟုတ် အတ္တ–စိတ်ဝင်စားမှုမျှ မရှိသောသူဖြစ်သည်။ သူသည် လူများအတွက်နှင့် တိုင်းပြည်အတွက် သူ၌ရှိသည့်အရာကို စွန့်လွှတ်ပူဇော်ရန် အမြဲ လိုလားဆန္ဒရှိခဲ့သူဖြစ်သည် – နေ၊ ၅း၁၀၊ ၁၄–၁၉။

င။ ရှင်ဘုရင်၏ အဆင့်ရာထူး၌ရှိသည့် မြို့ဝန်အဖြစ် နေဟမိသည် ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ခြင်း၌ ယေရုရှလင်မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းအတွက် စင်ကြယ်သောစိတ်နှလုံးရှိသောသူတစ်ဦးဖြစ်သည်။ သူသည် ဘုရားသခင့်လူများအကြားတွင် ရှိသင့်သည့် ခေါင်းဆောင်တစ်ဦး၏ စံနမူနာဖြစ်သည် – ညွှန်း၊ ၁တိ၊ ၃း ၂–၇။ ၁ပေ၊ ၅း၁–၃။

၁။ အစ္စရေးနှင့် ယုဒရှင်ဘုရင်များစွာကဲ့သို့မဟုတ်ဘဲ၊ နေဟမိသည် ကိုယ်ကျိုးမငဲ့သောသူဖြစ်ကာ၊ မိမိကိုယ်ပိုင် စိတ်ဝင်စားမှုများကို မရှာ၊ ကာမဂုဏ် တပ်မက်မှုကို ကျူးလွန်ခြင်းမရှိသောသူ ဖြစ်သည်။

၂။ တပ်မှူးချုပ်အနေဖြင့် နေဟမိသည် ရန်သူကို စစ်တိုက်ရန် အသင့်ဖြစ်နေသည့်သူများအလယ်တွင် ရှိနေကာ၊ ညဖက်ကင်းစောင့်ရာတွင် ပါဝင်ခဲ့သည်။ ဤအကြောင်းအရာများ၌ သူသည် အခြားသူများထံ လက်လွှဲခဲ့ခြင်းမရှိဘဲ၊ သူကိုယ်တိုင် သူတို့နှင့်အတူ ပါဝင်ဆက်ဆံခဲ့သည် – နေ၊ ၄း၉–၂၃။

၃။ သူနှင့် သူ၏ညီအစ်ကိုများသည် ဘုရားသခင်ကို ကြောက်ရွံ့ကြသောကြောင့် တစ်ဆယ့်နှစ်နှစ်လုံးလုံး မြို့ဝန်ရိက္ခာတို့ကို မစားဘဲ နေခဲ့ကြသည် – ၅း၁၄–၁၅။

၄။ နေဟမိသည် မိမိကိုယ်တိုင် မြို့တော်၏ မြို့ရိုးတည်ခြင်းအလုပ်တွင် မည်သည့်အဖိုးအခမျှ မယူဘဲ လုပ်ဆောင်ခဲ့သည်။ အတ္တအတွက် ရှာဖွေခြင်းအစား သူသည် မြို့ရိုးတည်ဆောက်ခြင်း ရည်ရွယ်ချက်အတွက် အခြားသူများကို ကျွေးမွေးခြင်း ပြုခဲ့သည် – အငယ်၊၁၆–၁၈။

စ။ နေဟမိသည် အုပ်ချုပ်သူဖြစ်သော်လည်း၊ သူသည် ရည်မှန်းချက်ကြီးခြင်း လုံးဝ မရှိခဲ့ပေ။ ဤအရာကို တိုင်းပြည်အား ပြန်လည်ဖွဲ့စည်းခြင်း၌ သူသည် ဘုရားသခင်၏ လူများအား ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးရန် ဇေရကို လိုအပ်ကြောင်း သိမှတ်နားလည်ခြင်းအားဖြင့် ညွှန်ပြထားသည် – ဂ၊ ၁–၁၀။ ဖိ၊ ၂း၃–၄။

ဆ။ နေဟမိသည် စုံလင်သော ခေါင်းဆောင်ဖြစ်ကာ၊ လူသားသမိုင်းရှိ အကောင်းဆုံးသော ခေါင်းဆောင်ဖြစ်၍၊ အသက်ကြီးသူတစ်ဦး၌ ရှိသင့်သည့် အကောင်းဆုံးသော စံနမူနာဖြစ်သည်။ ကျွန်ုပ်တို့အဖို့ အထူးသဖြင့် အသင်းတော်များရှိ ဦးဆောင်သောသူများအဖို့ သူ၏စံနမူနာကို ဆင်ခြင်ခြင်းငှာ ထိုက်တန်ပေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ခေတ်ကိုပြောင်းလဲစေရန် ဘုရားသခင်ကို အမြတ်ရယူခြင်းနှင့် အခြားသူများထံ ဘုရားသခင်ကို စီးထွက်ခြင်း၏ စံနမူနာဖြစ်လာနိုင်ကြမည်ဖြစ်သည် – နေ၊ ၅း၁၉။ ၁၃း၁၄။

©2020 Living Stream Ministry